Myanmar Peace Monitor

Weekly News Review

Issue 88, January 11 - 17 , 2023

မြန်မာပြည်သူလူထု၏ သေရေးရှင်ရေးကိစ္စ ကုလအဖွဲ့ဝင်နိုင်ငံများ အလေးထားသင့်ပြီ

မြန်မာပြည်သူလူထု၏ သေရေးရှင်ရေးကိစ္စ ကုလအဖွဲ့ဝင်နိုင်ငံများ အလေးထားသင့်ပြီ

နိဒါန်း

အီးယူ၊ အာရှနှင့် မြောက်အမေရိကဒေသအတွင်းရှိ နိုင်ငံပေါင်းအနည်းဆုံး ၁၃ နိုင်ငံမှ ကုမ္ပဏီများသည် ရက်စက်ကြမ်းကြုတ်သော လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် အာဏာသိမ်းစစ်ကောင်စီ၏စစ်လက်နက် ထုတ်လုပ်ရာတွင် ထောက်ကူပံ့ပိုးလျက်ရှိပါသည်။ ကုလသမဂ္ဂ အရာရှိဟောင်းများဖြင့် ပါဝင်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံအတွက် အထူးအကြံပေးကောင်စီ (SAC-M)က ထုတ်ပြန်သော စာမျက်နှာ ၅၆ မျက်နှာပါ "Fatal Business: Supplying the Myanmar Military's Weapon Production" အစီရင်ခံစာကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ယခုတစ်ပတ် BNI - Myanmar Peace Monitor ၏အပတ်စဉ်သတင်းသုံးသပ်ချက်တွင် အဆိုပါအစီရင်ခံစာနှင့် ဆက်စပ်တွေးဆဖွယ်ရာများကို လေ့လာတင်ပြသွားပါမည်။

SAC-M အစီရင်ခံစာ

စစ်အာဏာသိမ်းရန် ကြိုးပမ်းနေသည့်ကာလအတွင်း စစ်အာဏာသိမ်းမှုဆန့်ကျင်သော ခုခံတော်လှန်စစ် အပြန့်ကျယ်လာခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်သူများအပေါ် သတ်ဖြတ်ခြင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ် ခြင်းနှင့် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ရာတွင် စစ်ကောင်စီတပ်သည် ၎င်းတို့၏စစ်လက်နက်ထုတ်လုပ်ရေးတိုက်ကိုအားကိုးနေရသည်ဟု အစီရင်ခံစာကို သုံးသပ်ထားသည်။

သက်သေထွက်ဆိုချက်များနှင့် ဗီဒီယိုမှတ်တမ်း၊ ဓာတ်ပုံသက်သေများအပေါ် ခွဲခြမ်း စိတ်ဖြာထားချက်အရ အာဏာသိမ်းစစ်ကောင်စီ၏လုံခြုံရေးတပ်ဖွဲ့ဝင်(ရဲ၊တပ်)များအသုံးပြုသောများပြားလှသည့်စစ်လက်နက်များထဲတွင်စနိုက်ပါရိုင်ဖယ်၊ MA-1 စီးမီးအော်တို မက်တစ်ရိုင်ဖယ်၊ Uzi ပုံစံတူ BA-93 ၊ BA -94 စက်သေနတ်များ ပါဝင်သည်ဟု ဆိုပါသည်။ ထို့အပြင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းမှုအား ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခဲ့ကြသော မြန်မာပြည်သူလူထုအား ပစ်ခတ်ဖြိုခွင်းရာတွင် အသုံးပြုခဲ့သည့် စစ်ကောင်စီ လက်အောက်ခံ စစ်တပ်နှင့် ရဲများ၏ လက်နက်ငယ်များ၊ ခေါင်းစွပ်ဦးထုတ်များအားလုံးသည် ကာကွယ်ရေးပစ္စည်းစက်ရုံ(ကပစ) များ ညွှန်ကြားရေးမှူးရုံး (DDI)လက်အောက်ခံကပစများမှထုတ်လုပ်ခြင်းဖြစ်ကြောင်းဖော်ပြထားသည်။

အာဏာသိမ်းစစ်ကောင်စီတပ်မှ ထုတ်လုပ်နိုင်သည့် လက်နက်များထဲတွင် တိုက်ခိုက်ရေး ရိုင်ဖယ်အမျိုးမျိုးအပြင် မော်တာများ၊ တင့်ကားပစ်နှင့် လေယာဉ်ပစ်လက်နက်များ၊ ဒုံးကျည်များ၊ ဒုံးကျည်ပစ်လက်နက်များ၊ အမြောက်များနှင့် လေကြောင်းကာကွယ်ရေးစနစ်များပါဝင်နေသည်ဟု SAC-M အစီရင်ခံစာကဆိုပါသည်။ ထို့အပြင် မြေမြှုပ်မိုင်းများနှင့် ရေမြှုပ်ဗုံးများသည်လည်းထုတ်လုပ်နိုင်သည့်အကြောင်း ထိုလုပ်ငန်းတွင် လုပ်ကိုင် နေသူ များနှင့် ထိုလက်နက်များကိုပြသသည့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ ကာကွယ်ရေးနှင့် လုံခြုံရေးပြပွဲဓာတ်ပုံများကို ကိုးကား တင်ပြ ထားသည်။

A flyer for the Myanmar-made sniper rifle (MA-S) as showcased by the DDI at the Defense & Security 2019 expo in Thailand.

The DDI's stand at the Defense & Security 2019 expo in Thailand, showcasing a variety of weapons made in Myanmar.

27 | Fatal Business: The Myanmar Military's Weapon Production

SAC-M

Cartridges for various firearms, as showcased by the DDI during the Defense & Security 2019 expo in Thailand.

Grenades, bore cartridges and fuses manufactured at KaPaSa factories and showcased at the Defense & Security 2019 expo in Thailand.

Locally produced mortars, as showcased at the Defense & Security 2019 expo in Thailand.

28 | Fatal Business: The Myanmar Military's Weapon Production

SAC-M

လက်နက်စက်ရုံအရေအတွက်ကို အတိအကျ မသိရသေးသော်လည်း ဂြိုဟ်တုမှ ရိုက်ကူးထားသော ဓာတ်ပုံများနှင့် အခြားသတင်းအချက်အလက်များကို လေ့လာ စမ်းစစ်မှုအရ မြန်မာနိုင်ငံ အတွင်း လက်နက်စက်ရုံ ဒါဇင်ပေါင်းများစွာ ရှိနေသည်ဟု ဆိုထားပါသည်။

“နိုင်ငံခြားကုမ္ပဏီတွေဟာမြန်မာပြည်သူတွေကို နေ့စဉ်နဲ့အမျှ ရက်စက်ကြမ်းကြုတ်မှုတွေကို ကျူးလွန်ရာမှာ အသုံးပြုတဲ့ စစ်လက်နက်တွေ အများအပြားထုတ်လုပ်နိုင်ဖို့အတွက် ကမ္ဘာ့လူ့အခွင့်အရေး အချိုးဖောက်ဆုံးထဲ က မြန်မာစစ်ကောင်စီတပ်ကို ထောက်ကူ ပေးနေတယ်”ဟု SAC-M အဖွဲ့ဝင် ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ် စားဟောင်း မစ္စရန်ဟီးလီက ဝေဖန်ထောက်ပြထားပါသည်။ ၎င်းနိုင်ငံခြားကုမ္ပဏီများနှင့် ၎င်းတို့၏မိခင်နိုင်ငံ များအနေဖြင့် သူတို့ထုတ်ကုန်ပစ္စည်းများသည် မြန်မာပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ရာတွင် ပါဝင်ပတ်သက်မှုမရှိစေရန်အတွက် ကျင့်ဝတ်နှင့် ဥပဒေဆိုင်ရာ တာဝန်ယူတာဝန်ခံရမည်ဟုလည်း သူမက ဆိုပါသည်။

ဆက်စပ်တွေးဆဖွယ်ရာများ

အိန္ဒိယနိုင်ငံမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၂၁ရက်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး(UNSC)တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ (၂၀၂၂)ကို တရုတ်၊ ရုရှားနှင့် အိန္ဒိယနိုင်ငံတို့ ကြားနေမဲပေးကာ ကျန်နိုင်ငံအားလုံးက ထောက်ခံမဲပေးခဲ့ကြသည့်အတွက် ၁၂ မဲ – ၃ မဲ၊ ကန့်ကွက်မဲမရှိဘဲ အတည်ပြုခဲ့သည်။ အမြဲတမ်းအဖွဲ့ဝင် ၅ နိုင်ငံဖြစ်သော တရုတ်၊ ပြင်သစ်၊ ရုရှား၊ ယူကေနှင့် အမေရိကန်တို့နှင့် အတူ အာဘန်နီးယား၊ ဘရာဇီး၊ ဂါဘွန်၊ ဂါနာ၊ အိန္ဒိယ၊ အိုင်ယာလန်၊ ကင်ညာ၊ မက္ကဆီကို၊ နော်ဝေနှင့် ယူအေအီး စုစုပေါင်း(၁၅)နိုင်ငံတို့က မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များအားလုံး ရပ်တန့်ရန်၊ တင်းမာမှုများလျော့ချရန်နှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရန်တို့ကို ဆုံးဖြတ်ချက်တွင် တောင်းဆိုထားသည်။ မြန်မာပြည်သူလူထု၏ အကျိုးစီးပွားနှင့် ဆန္ဒအရ အပြုသဘောဆောင်သည့် တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ရန်နှင့် ပြည်သူလူထု၏ အခြေခံလွတ်လပ်ခွင့်၊ လူ့အခွင့်အရေးများကို သက်ဆိုင်သူအာလုံးက လေးစားလိုက်နာရမည်။ အာဆီယံ ဘုံသဘောတူညီချက် (၅)ချက်ကို ထိရောက်စွာလုပ်ဆောင်ရန်အတွက် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ထောက်ခံအားပေးကူညီကြရန်နှင့် အာဆီယံအဖွဲ့ကြီးအနေဖြင့်လည်း ထိရောက်သည့် အစီအစဉ်များ ချမှတ်ဖော်ဆောင်ပေးရန် တိုက်တွန်းထားသည်။

ဆုံးဖြတ်ချက်အမှတ် ၂၆၆၉(၂၀၂၂)နှင့် ပတ်သက်ပြီး အမေရိကန်သံအမတ်ကြီး Robert A. Wood က လုံခြုံရေးကောင်စီအနေဖြင့် အာဏာသိမ်းစစ်ကောင်စီအပေါ် ကုလသမဂ္ဂအထွေထွေညီလာခံက ချမှတ်ထားသည့် လက်နက်ပိတ်ဆို့အရေးယူရေး ဆုံးဖြတ်ချက်ကို လစ်လျူမရှုသင့်ကြောင်း၊ စစ်ကောင်စီထံ ဘဏ္ဍာရေးအရင်းအမြစ်များ မစီးဆင်းနိုင်ရန် ပိတ်ဆို့အရေးယူခြင်းက စစ်တပ်၏အကြမ်းဖက်မှုများရပ်တန့်ရေးအတွက် အရေးကြီးသောအချက်များဖြစ်ကြောင်း ထောက်ပြခဲ့သည်။

"မြန်မာအာဏာသိမ်းစစ်တပ်ရဲ့ ယုတ်မာတဲ့အပြုအမူများကို ကိုင်တွယ်ဖြေရှင်းရာမှာ နောက်ထပ် အားကောင်းတဲ့ခြေလှမ်းတွေအတွက် ဒီဆုံးဖြတ်ချက်ဟာ ပထမခြေလှမ်းဖြစ်တယ်။ ဒါပေမယ့် မလုံလောက်သေးဘူး" ဟု Robert A. Wood က မှတ်ချက်ပြုပါသည်။

၂၀၂၁ ခုနှစ် ဇွန်လ ၁၈ ရက်၊ ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မြန်မာစစ်အာဏာသိမ်းမှုကို ပြစ်တင်ရှုတ်ချထားပြီး "မြန်မာနိုင်ငံထံ လက်နက်များစီးဝင်နေမှုကို တားဆီး

Photo - Myanmar Now

ရေး" (Prevent the flow of arms to Myanmar) ဆုံးဖြတ်ချက်ကို ချမှတ်ထားပါသည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်နေ့ကလည်း "ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက စစ်လက်နက်များ မြန်မာစစ်တပ်သို့ လွှဲပြောင်းပေးခြင်း" ဟု အမည်ပေးထားသည့် အစီရင်ခံစာကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ်တွမ် အင်ဒရူးက ကုလသမဂ္ဂ လူ့ အခွင့်အရေးကောင်စီထံ တင်သွင်းခဲ့ပါသည်။

"အာဏာသိမ်းစစ်တပ်ရဲ့ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေကိုရပ်တန့်ဖို့ဆိုတာ သူတို့တွေဆီလက်နက်ဝင်ရောက်ခွင့်ကို ပိတ်ပင်တာနဲ့ စတင်ပါတယ်။ ကမ္ဘာကြီးက နှောင့်နှေးလေလေ ကလေးသူငယ်တွေ အပါအဝင် အပြစ်မဲ့ပြည်သူတွေသေဆုံးလေလေပါပဲ" ဟုမစ္စတာတွမ်အင်ဒရူးက သတိပေးထားပါသည်။

အရပ်သားပြည်သူများအပေါ် မြန်မာအာဏာသိမ်းစစ်တပ်၏တိုက်ခိုက်မှုများပြင်းထန်လာသည်နှင့်အမျှကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မည်သို့တုံ့ပြန်ဖြေရှင်းမည်ကို ချက်ချင်းစဉ်းစားဆုံးဖြတ်ရန် အရေးကြီးကြောင်းနှင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ် အာဏာသိမ်းမှု စတင်ခဲ့သည့်ကာလတစ်လျှောက်ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အဖွဲ့ဝင် နိုင်ငံများ၏ အခန်းကဏ္ဍကို ဆန်းစစ်သင့်ကြောင်း မစ္စတာတွမ်အင်ဒရူး၏ အစီရင်ခံစာက ဆိုပါသည်။

အရပ်သားများအပေါ် မြန်မာစစ်တပ်၏ တိုက်ခိုက်မှုများပြင်းထန်လာသည်နှင့်အမျှအဖွဲ့ဝင်နိုင်ငံများသည်ဤအကျပ်အတည်းကို မည်ကဲ့သို့ တုံ့ပြန်နိုင်သည်ကို ချက်ချင်းစဉ်းစားရန် အရေးကြီးသည်။ ၎င်းသည် လွန်ခဲ့သော တစ်နှစ်ခန့်က စစ်အစိုးရ အာဏာသိမ်းပြီးနောက် လုံခြုံရေးကောင်စီနှင့် အဖွဲ့ဝင်နိုင်ငံများ၏ အခန်းကဏ္ဍကို ဆန်းစစ်ခြင်းဖြင့် စတင်နိုင်သည်။ ဂျက်လေယာဉ်၊တိုက်ခိုက်ရေးရဟတ်ယာဉ်၊ သံချပ်ကာကား စသည့်အပြင် မြေပြင် ပစ်မှတ်ထား တိုက်ခိုက်နိုင်သော အမြောက်များ၊ ဒုံကျည်များ၊ ဒုံးပျံများနှင့်

လက်နက်ငယ်များ အာဏာသိမ်းစစ်တပ်ထံ စီးဝင်နေခြင်းအား ရပ်တန့်ပစ်ရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများထံ တင်ပြတောင်းဆိုခဲ့ခြင်းဖြစ်သည်။

"အရေးယူမှုတွေ လုပ်ခြင်း၊ မလုပ်ခြင်းအကြား ရွေးချယ်မှုဟာ မြန်မာပြည်သူတွေအတွက် သေရေး ရှင်ရေးတမျှ အရေးကြီးတဲ့ ကိစ္စရပ်တစ်ခုဖြစ်တယ်" ဟု မစ္စတာတွမ် အင်ဒရူးက သတိပေးထားပါသည်။

သုံးသပ်တင်ပြချက်

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်နေ့သည် စစ်အာဏာသိမ်းကာလ ရက်ပေါင်း ၇၁၉ ရက်မြောက်ဖြစ်သည်။ စစ်အာဏာသိမ်းမှုဆန့်ကျင်ရေးငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ် လှုပ်ရှားမှုများသည် ပုံသဏ္ဍာန်မျိုးစုံ၊ နည်းလမ်းမျိုးစုံဖြင့် သက်ဝင်နေဆဲဖြစ်သည်။ စစ်အာ ဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးအထိ ရည်မှန်းဟစ်ကြွေးထားသော တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ(EROs)၊ တောင်တန်းမြေပြန့်အနှံ့အပြား ပေါ်ထွက်လာသော မြို့ပြ ဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များနှင့် အာဏာသိမ်း စစ်ကောင်စီ တပ်အကြားတိုက်ပွဲဖြစ်ပွားမှုရက်ပေါင်းသည် ၂၂၀၀ နီးပါးရောက်ရှိလာပြီဖြစ်သည်။ အကြိမ် ရေအားဖြင့် သောင်းဂဏန်းနီးပါးအထိ ရှိနေနိုင်သည့် ပြည်သူ့ခုခံ တော်လှန်စစ်အရှိန်သည် မြင့်တက်နေဆဲဟု ဆိုရပါမည်။

အာဏာသိမ်းစစ်ကောင်စီလက်အောက် ရဲနှင့် စစ်တပ်၏ ပစ်ခတ်သတ်ဖြတ်မှုများ ကြောင့် ထောင်နှင့်ချီသော အရပ်သားပြည်သူများ အသက်ပေးခဲ့ရသကဲ့သို့ သောင်းနှင့် ချီသောအပြစ်မဲ့ပြည်သူများလည်းဖမ်းဆီးထိန်းသိမ်းခံနေကြရပြီဖြစ်သည်။ ခုခံတော်လှန်စစ် အရှိန် မြင့်တက်လာသည်နှင့်အမျှစစ်ဘေးရှောင် အရေအတွက်သည်လည်းသန်းနှင့်ချီကာ များပြားလာခဲ့ရသည်။ နှစ်ဖက်စစ်ပွဲအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်များ၏ ရပ်ကွက်၊ ကျေးရွာအလိုက် မီးရှို့ဖျက်ဆီးမှုများကြောင်း အရပ်သားပြည်သူပိုင် နေအိမ်အဆောက် အအုံပေါင်း သောင်းနှင့်ချီကာ ပျက်စီးဆုံးရှုံးခဲ့ရပြီ ဖြစ်သည်။

ERO များ၊ PDF/LDF များ၏ ခုခံတော်လှန်စစ်အရှိန်သည် ပိုမိုအားကောင်းလာသည်နှင့်အမျှ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အာဏာသိမ်းစစ်ကောင်စီသည် လေကြောင်းမှထိုးစစ်ဆင်မှုများ၊ဗုံးကြဲတိုက်ခိုက်မှုများကိုသာဦးစားပေးလုပ်ဆောင်လာသည် ကို တွေ့ရပါသည်။ ထို့ကြောင့် အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့လုယူထားသော အာဏာ တည်မြဲရေးအတွက် လေကြောင်းစစ်ဆင်ရေးအပါအဝင် စစ်လက်နက်အင်အားတစ်ခုတည်း ကိုသာ အားကိုးပြုနေသည်ဟု ဆိုနိုင်ပါသည်။

“ စစ်အုပ်စု၏ နောက်ဆုံးခံတပ်ဖြစ်သော စစ်လက်နက်ထုတ်လုပ်ရေး လုပ်ငန်းများတွင် ပါဝင်ပတ်သက်မှု မရှိစေရေးကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း ”

မြန်မာ့နွေဦးတော်လှန်ရေးအား ထောက်ခံအားပေးလျက်ရှိသော နိုင်ငံတကာ အစိုးရများအနေဖြင့် အာဏာသိမ်းစစ်အုပ်စုထံ စီးဝင်သောငွေကြေးတစ်စစီတိုင်းကို ပိတ်ဆို့တားဆီးနိုင်ဖို့ အရေးကြီးသကဲ့သို့ စစ်အုပ်စု၏နောက်ဆုံးခံတပ်ဖြစ်သော စစ်လက်နက်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်မှုမရှိစေရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

မစ္စတာတွမ်အင်ဒရူး၏ စကားကို ပြန်လည်ကိုးကားတင်ပြအပ်ပါသည်။

“အရေးယူမှုတွေ လုပ်ခြင်း၊ မလုပ်ခြင်းအကြား ရွေးချယ်မှုဟာ မြန်မာပြည်သူတွေအတွက် သေရေးရှင်ရေးတမျှ အရေးကြီးတဲ့ ကိစ္စရပ်တစ်ခု ဖြစ်တယ်”။

အပိုင်း ၂

တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ဇန်နဝါရီလ ၁၁ ရက်မှ ၁၇ ရက် အတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြ ဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF/LDF) များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (ERO) များအကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၁၃ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက စစ်ကိုင်းတိုင်းသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၄ ရက်အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှုအခြေအနေများကို ကောက်ယူမှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမို များပြားနိုင်ပါသည်။



၁၃ ရက်

တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း



စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု

ဇန်နဝါရီ ၁၁ - ၁၇ - ၂၀၂၃

75 စစ်ကောင်စီတပ်သားသေဆုံးမှု

5 ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု

21 အရပ်သားသေဆုံးမှု



၁၀၀၀၀ စစ်ဘေးရှောင်အရေအတွက် (ဇန်နဝါရီ ၁၁ - ၁၇ - ၂၀၂၃)



စစ်ကိုင်းတိုင်း

စစ်ကောင်စီတပ်သည် ရေဦးမြို့နယ်၊ ချမ်းသာကျေးရွာရှိ နှစ်ပေါင်း ၁၂၉ နှစ် နီးပါးသက်တမ်းရှိပြီး ရေဦးနယ်အတွင်း အကြီးဆုံးနှင့် ရှေးအကျဆုံး ခရစ်ယာန် ဘုရားကျောင်းတစ်ခုဖြစ်သည့် "ကောင်းကင်ဘုံ သို့ ပင့်ဆောင်ခြင်းခံရသော မယ်တော်သခင်မ ဘုရားကျောင်း" အား ဇန်နဝါရီ ၁၅ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့ပါသည်။ အဆိုပါဘုရားကျောင်းအတွင်း စစ်ကောင်စီတပ်သားများသည် တပ်စွဲညအိပ်ခဲ့ပြီး ဘုရားရှိခိုးကျောင်းဆောင်၊ ဘုန်းကြီးကျောင်းတိုက်နှင့် သီလရှင်ကျောင်းတိုက်များအပါအဝင် ကျေးရွာများကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြပါသည်။

အင်းတော်မြို့တွင် စစ်ကောင်စီတပ်မှ ရမ်းသမ်းပစ်ခတ်သော လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် လင်မယားနှစ်ဦး ထိမှန်ရာမှ အမျိုးသားဖြစ်သူ သေဆုံးခဲ့ပါသည်။ သေဆုံးသူမှာ အသက် ၄၂နှစ်အရွယ် ဦးနိုင်ဝင်းဆိုသူဖြစ်ပြီး၊ ၎င်း၏ အမျိုးသမီးလည်း လက်နက်ကြီးဒဏ်ရာဖြင့် ဆေးကုသမှုခံယူနေရကြောင်း သိရပါသည်။

စစ်ကိုင်း၊ ဆားလင်းကြီး၊ ကန့်ဘလူ နှင့် ပုလဲမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၀ ဦး သေဆုံးကာ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ ဇန်နဝါရီလ ၁၁ ရက်နေ့က စစ်ကောင်စီတပ်ဖွဲ့ကားကို ရွှေဘို – ကျောက်မြောင်း လမ်းပိုင်း တစ်နေရာတွင် ပြည်သူ့ကာကွယ်ရေးတပ်မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီတပ်သား ၆ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဇန်နဝါရီလ ၁၅ ရက်နေ့က ရွှေဘိုမြို့နယ်၊ ကုလားမကျေးရွာနားမှာ စစ်ကောင်စီတပ် ထောင်ထားသည့် မိုင်းနင်းမိပြီး ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ ဇန်နဝါရီလ ၁၂ ရက်နေ့က အင်းတော်မြို့တွင် စစ်ကောင်စီတပ်မှ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် လင်မယား ၂ဦး ထိမှန်ခဲ့ပြီး အမျိုးသားဖြစ်သူ သေဆုံးခဲ့သည်။ ဆားလင်းကြီး နှင့် ခင်ဦးမြို့နယ်များတွင် စစ်ကောင်စီတပ်မှ မြေပြင်စစ် ကြောင်းထိုး တိုက်ခိုက်မှု၊ မီးရှို့ဖျက်ဆီးမှုများကြောင့် ဒေသခံ ၁၀၀၀၀ ကျော် စစ်ဘေးရှောင်နေရသည်။



ကချင်ပြည်နယ်

အင်းတော်ကြီးဒေသ မိုင်းနောင်ကျေးရွာတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များ လာရောက်တည်းခိုသည်ဟုဆိုကာ ပြည်သူ့စစ်ခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သော ဦးတင်အောင်နှင့် ၎င်း၏ မိသားစုဝင် ၂ ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့ပါသည်။ ဇန်နဝါရီ ၁၁ ရက်တွင် စစ်ကောင်စီတပ်သားများမှ နေအိမ်အတွင်း ဝင်ရောက်စစ်ဆေးခဲ့ပြီး လက်နက်အချို့ဖမ်းဆီးရမိသည်ဟုဆိုကာ ဦးတင်အောင်နှင့် သမက်ဖြစ်သူတို့အပြင် ၎င်းတို့၏နေအိမ်တွင်အလုပ်လုပ်ကိုင်နေသော နောက်ထပ်လူငယ်တစ်ဦးလည်း ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်ပါသည်။

ဇန်နဝါရီ ၁၇ ရက်၊ ည ၁၂နာရီအချိန်တွင် စစ်ကောင်စီ တပ်သားများသည် ဖားကန့်မြို့နယ်၊ မရီကထောင်ရပ်ကွက်အတွင်းမှ အနိုပ်ခန်းပိုင်ရှင်တစ်ဦးအား နေအိမ်အတွင်းသို့ ဝင်ရောက်ဖမ်းဆီးခဲ့ပြီး၊ ပစ်သတ်ခဲ့ကြပါသည်။ သေဆုံးသူမှာ ဦးဝင်းကို (ခ) မောင်ဦးဆိုသူဖြစ်ပြီး၊ မည်သည့်အတွက်ကြောင့် ဖမ်းဆီးပစ်သတ်ခံရသည်ကို မသိရှိရဘဲ ဖြစ်နေပါသည်။

ဇန်နဝါရီလ ၁၇ ရက်နေ့က ဖားကန့်မြို့နယ် မရီကထောင်ရပ်ကွက်ရှိ အနှိပ်ခန်းပိုင်ရှင်တစ်ဦးကို စစ်ကောင်စီက ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။



မကွေးတိုင်း

စစ်ကောင်စီတပ်လက်အောက်ခံ ရဲနှင့်ပျူစောထီးများသည် ပခုက္ကူမြို့ စက်မှုဇုန်နှင့်မြို့သစ်ကြားအနီးတွင် ဇန်နဝါရီ ၁၂ ရက်က ဆိုင်ကယ်စီးလာသော လူငယ် ၂ ဦး အား သေနတ်ဖြင့် ပစ်သတ်ခဲ့ပါသည်။ သေဆုံးသူများမှာ ပခုက္ကူမြို့သစ်မှ ကိုရဲလင်း ထက် (၂၇ နှစ်) နှင့် ကိုမြတ်လင်းအောင် (၄၂ နှစ်) တို့ ဖြစ်ကြပြီး PDF တပ်ဖွဲ့ဝင်များဟု စွပ်စွဲကာ စစ်ကောင်စီတပ်ဘက်မှ ပစ်ခတ်ခဲ့ခြင်းဖြစ်ပါသည်။

ဇန်နဝါရီ ၁၂ ရက်တွင် ပခုက္ကူမြို့ ဧရာဝတီတံတားပေါ်တွင် ညောင်ဦးမြို့ ဘက်မှ ပခုက္ကူမြို့ဘက်သို့ထွက်လာသည့် ကားတစ်စီးအား စစ်ကောင်စီ တပ်သား များမှ တားဆီးစစ်ဆေးခဲ့ပြီး၊ ကားပေါ်ပါလာသူ တစ်ဦးအား ဖမ်းဆီး ခဲ့ပါသည်။ ဖမ်းဆီး ခံရသူမှာ ကိုညီထွေးဆိုသူဖြစ်ပြီး၊ မမှန်သတင်း ရေးသားဖြန့်ဝေသူဟု စွပ်စွဲကာ ဖမ်းဆီး ခဲ့ခြင်းဖြစ်ပြီး၊ လက်ကိုင်ဖုန်းကို သိမ်းဆည်းကာ ပခုက္ကူမြို့မရဲစခန်းစစ်ကြောရေးသို့ ခေါ်ဆောင်သွားခဲ့ပါသည်။

ဇန်နဝါရီလ ၁၁ ရက်နေ့က ဂန့်ဂေါမြို့နယ်တွင် စစ်ကောင်စီ တပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲ ဖြစ်ပွား ခဲ့သည်။ ဇန်နဝါရီလ ၁၂ ရက်နေ့က ပခုက္ကူမြို့နယ်တွင် ထန်းမြစ်တူးရန် ဆိုင်ကယ်ဖြင့်ထွက်လာသည့်စစ်ကောင်စီလက်အောက်ခံ ပျူစောထီးများကို ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ပျူစောထီးခေါင်းဆောင် သေဆုံးခဲ့သည်။ ထို့အပြင် ဇန်နဝါရီလ ၁၆ ရက်နေ့က ရေစကြိုမြို့နယ်တွင် စစ်ကောင်စီတပ် နှင့် ပျူစောထီးများ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခံရပြီး ၅ ယောက် သေဆုံးခဲ့သည်။ ဇန်နဝါရီလ ၁၂ ရက်နေ့က ပခုက္ကူမြို့စက်မှုဇုန် နှင့် မြို့သစ်ကြားတွင် ဆိုင်ကယ်စီးလာသည့် လူငယ်နှစ်ယောက်ကို စစ်ကောင်စီတပ်မှ ပစ်သတ်ခဲ့သည်။



မန္တလေးတိုင်း

သပိတ်ကျင်းမြို့နယ်၊ တေတ်အိုင်ကျေးရွာမှ စစ်ကောင်စီခန့်အုပ်ချုပ်ရေးမှူးအား ဇန်နဝါရီ ၁၃ ရက်က ဗိုလ်လင်းယုန်တပ်ဖွဲ့ (ပြင်ဦးလွင်ခရိုင် ပ.က.ဖ)မှ သေနတ်ဖြင့် ပစ်ခတ်ရှင်းလင်းခဲ့ပါသည်။ ဖြစ်စဉ်မှာ သေဆုံးသူ အုပ်ချုပ်ရေးမှူး ဦးအောင်ပုသည် ၎င်း၏ နောက်လိုက်ဖြစ်သူ မိုက်ကယ်(ဓားချက်ကြီး)ဆိုသူနှင့်အတူ ရှိနေစဉ် ကျေးရွာအတွင်း ဝင်ရောက်ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး၊ ဦးအောင်ပုသည် စစ်ကောင်စီတပ်ထံတွင် သတင်းပေး ဒလန်လုပ်ခြင်းနှင့် ရွာသူရွာသားများအား အထိတ်တလန့်ဖြစ်အောင် လုပ်ဆောင်ခြင်းတို့ကြောင်း ရှင်းလင်းခံရခြင်းဖြစ်ပါသည်။

ထို့ပြင် နွားထိုးကြီးမြို့မှ တရားမဝင် ရွေးကောက်ပွဲလုပ်ရန် ပြည်သူလူထုအား စည်းရုံးနေသော ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ ဥက္ကဌဟောင်း ဦးဉာဏ်ထွန်းအောင်နှင့် တပည့်ဖြစ်သူ ဒုတိယတာဝန်ခံ ဘဏ္ဍာရေးမှူး ဦးကြာလှတို့အား Natogyi People Defence Force(NPDF)မှ ပစ်ခတ်ရှင်းလင်းခဲ့ပါသည်။

စဉ့်ကူးမြို့နယ်အတွင်း ရွာစဉ်လှည့်အကြမ်းဖက်နေသည့် စစ်ကောင်စီတပ်နှင့် ပျူစောထီးအဖွဲ့ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်မှ ၃ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဇန်နဝါရီလ ၁၃ ရက်နေ့က သပိတ်ကျင်းမြို့နယ်၊ တေတ်အိုင်ကျေးရွာမှ စစ်ကောင်စီခန့်အုပ်ချုပ်ရေးမှူးကို ပြည်သူ့ကာကွယ်ရေးတပ်မှ သေနတ်ဖြင့် ပစ်ခတ်ရှင်းလင်းခဲ့သည်။



ကရင်ပြည်နယ်

ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာ (၅) ထိန်းချုပ်နယ်မြေ၊ မူတြော်(ဖာပွန်) ခရိုင်၊ လူသောမြို့နယ်၊ ပေကေကျေးရွာအုပ်စု၊ လေးဝါးကျေးရွာရှိ ခရစ်ယာန် ဘုရားကျောင်းကိုဇန်နဝါရီ ၁၂ရက်ကစစ်ကောင်စီကလေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် သင်းအုပ်ဆရာတော်တစ်ပါးနှင့် ဒေသခံ ရွာသား ၅ဦးသေဆုံးကာ ၇ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။

ဇန်နဝါရီ ၁၃ရက်တွင် သံတောင်ကြီးမြို့နယ် သံမိုးတောင် စစ်ကောင်စီတပ်စခန်းအနီးတွင် ထင်းသွားခွေသည့် အသက်၇၀ အရွယ် အမျိုးသမီးတစ်ဦး မိုင်းနင်းမိကာ သေဆုံးသွားခဲ့ပါသည်။ KNUနယ်မြေ ဒူးပလာယာခရိုင်ဝင်း ရေးမြို့နယ် (ကြာအင်းဆိပ်ကြီးမြို့နယ်)ဝင်းရော်ဒေသတွင် ဇန်နဝါရီ ၁၄ ရက်က အမျိုးသမီးများအပါအဝင် ဒေသခံ ၁၀ဦးကျော်ကို စစ်ကောင်စီတပ်က ဖမ်းဆီးချုပ်နှောင်ပြီး ရိုက်နှက်သဖြင့် ပြင်းထန်ဒဏ်ရာများ ရရှိခဲ့ကြပါသည်။ စစ်ကောင်စီတပ်သားများသည် ဖမ်းဆီးခံရသူ ဒေသခံများအား လက်ပြန်ကြိုးတုပ်ခြင်း၊ လက်သီးဖြင့်ထိုးခြင်း၊ ခြေ ထောက်ဖြင့်ကန်ခြင်းနှင့်သေနတ်ဖြင့် ရိုက်နှက်ခြင်းတို့ ပြုလုပ်ခဲ့သည်။



ဇန်နဝါရီလ ၁၃ ရက်နေ့က ကြာအင်းဆိပ်ကြီးမြို့နယ်၊ အလယ်ကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ဇန်နဝါရီလ ၁၂ ရက်နေ့က ဖာပွန်ခရိုင်၊ လူသောမြို့နယ်၊ ပေကေကျေးရွာအုပ်စု၊ လေးဝါးကျေးရွာရှိ ခရစ်ယာန် ဘုရားကျောင်းကို စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ဗုံးကြဲ တိုက်ခိုက်သောကြောင့် အသင်းအုပ်ဆရာတော်တစ်ပါး အပါအဝင် ဒေသခံ ရွာသား ၅ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဇန်နဝါရီလ ၁၃ ရက်နေ့က သံတောင်ကြီးမြို့နယ် သံမိုးတောင် စစ်ကောင်စီတပ်စခန်းအနီးတွင် ထင်းသွားခွေသည့် အသက် ၇၀ အရွယ် အမျိုးသမီး ၁ ဦး မိုင်းနင်းမိကာ သေဆုံးခဲ့သည်။ ဇန်နဝါရီလ ၁၄ ရက်နေ့က ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးမြို့ အမှတ် ၂ စစ်ကောင်စီခန့် အုပ်ချုပ်ရေးမှူး ဖြစ်သူ ဦးမြင့်အောင် ကျုံဒိုးတောင်ပေါ်ကျောင်း ဘုန်းကြီးကျောင်းသို့ ရေသွားလှူရန် တက်သွားစဉ် အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ပစ်သတ်ခြင်းကို ခံခဲ့ရသည်။

ပဲခူးတိုင်း

ထန်းတပင်မြို့နယ်အတွင်း ကြံ့ခိုင်ရေးပါတီဝင် အုပ်ချုပ်ရေးမှူးဟောင်း ဦးခင်မောင်ဝင်းနှင့် စစ်ကောင်စီတပ်ခန့် အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်တို့ ပစ်ခတ်ခံရမှုဖြစ်စဉ်တွင် လမ်းဘေး၌ ရှိနေသော ဇလအရွယ်ကလေးငယ်တစ်ဦးလည်း ကျည်ဆန်ထိမှန်ပြီးသေဆုံးခဲ့ပါသည်။ ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၇ရက်တွင် ဦးခင်မောင်ဝင်းနှင့် ဦးစိုးနိုင်တို့သည် ကားမောင်းပြီးပြန်လာစဉ် ထန်းတပင်မြို့နယ်၊ ရွာသာယာကျေးရွာအရောက်တွင် ဘေးချင်းကပ်မောင်းလာသည့် ကားတစ်စီးပေါ်မှ အမည်မသိသေနတ်သမားများမှ ပစ်ခတ်သဖြင့် နှစ်ဦးစလုံး သေဆုံးခဲ့ပါသည်။

ကျောက်ကြီးမြို့နယ်အတွင်းရှိ ပျူစောထီးရွာများဖြစ်ကြသည့် နောင်ကုန်းရွာနှင့် လယ်ဝိုင်းကြီးရွာသစ်တို့တွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်များ ဒရုန်းဖြင့် တိုက်ခိုက်ခံရပြီး ၂ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဇန်နဝါရီလ ၁၃ ရက်နေ့ကလည်း ကျောက်ကြီး–နတ်သဲကွင်းလမ်းပေါ်ရှိ စစ်ကောင်စီတပ်ဖွဲ့ဝင်များကိုလည်း ဒရုန်းဖြင့်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင် ၄ ဦး နှင့် ပျူစောထီးအဖွဲ့ဝင် ၂ ဦး သေဆုံးခဲ့သည်။ ဇန်နဝါရီလ ၁၇ ရက်နေ့က ထန်းတပင်မြို့နယ်၊ ချောင်းဝအုပ်စုရွာသာယာကျေးရွာကားလမ်းမပေါ်မှာ ချောင်းဝအုပ်စုကြံ့ခိုင်ရေးပါတီဝင် အုပ်ချုပ်ရေးမှူးဟောင်း ဦးခင်မောင်ဝင်းနှင့် စစ်ကောင်စီခန့် အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်တို့ အတူကားမောင်းပြန်လာသည့်အချိန် အမည်မသိအဖွဲ့က ဘေးကပ်လျက် ကားမောင်းလာပြီး သေနတ်ဖြင့် တရစပ်ပစ်ခတ်သောကြောင့် အုပ်ချုပ်ရေးမှူး ၂ယောက်လုံး သေဆုံးခဲ့ပြီး လမ်းဘေးခြံထဲဆော့ကစားနေသည့်အသက်ဇလအရွယ်ကလေးငယ် ၁ဦးလည်း သေဆုံးခဲ့သည်။



ရှမ်း (သျှမ်း) ပြည်နယ်

ဆီဆိုင်မြို့နယ်အတွင်းရောက်ရှိနေသော ကယား စစ်ဘေးရှောင်များထဲမှ ကိုယ်ဝန်ဆောင် အမျိုးသမီး ၅ ဦးမှာ မွေးဖွားစရိတ်ခက်ခဲနေပြီး၊ အခြားစစ်ရှောင်များမှာလည်း စားဝတ်နေရေးခက်ခဲမှုများရင်ဆိုင်နေကြရပါသည်။

ဇန်နဝါရီ ၁၆ ရက်တွင် စစ်ကောင်စီတပ်မှ မိုးဗြဲမြို့အနီးရှိ စစ်ဘေးရှောင် နေရာများသို့ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်သဖြင့် စစ်ရှောင်နေရာများတွင် ကျရောက် ပေါက်ကွဲခဲ့ကာ စစ်ဘေးရှောင်အမျိုးသမီးတစ်ဦးဖြစ်သူ အသက် ၃၃ နှစ်အရွယ် ဒေါ်မူလင်းဆိုသူ သေဆုံးခဲ့ပြီး ကျန် ၂ ဦးမှာ ပြင်းထန်ဒဏ်ရာများရရှိခဲ့ပါသည်။



တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

0 - 0

0 - 1

ဇန်နဝါရီလ ၁၄ ရက်နေ့က သျှမ်းပြည်မြောက်ပိုင်း၊ သိန္နီမြို့နယ်တွင် စစ်ကောင်စီတပ် နှင့် ကိုးကန့်တပ် (MNDAA) တို့ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃၀ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဇန်နဝါရီလ ၁၆ ရက်နေ့က စစ်ကောင်စီမှ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် မိုးဗြဲမြို့အနီးရှိ စစ်ရှောင်တစ်နေရာကို ကျရောက်ပေါက်ကွဲခဲ့ပြီး စစ်ရှောင် အမျိုးသမီး ၁ ဦးသေဆုံးခဲ့သည်။



ကရင်နီ (ကယား) ပြည်နယ်

လွိုင်ကော်မြို့နယ် လွိုင်လင်လေးဘက်တွင် ဇန်နဝါရီ ၁၅ ရက်က စစ်ကောင်စီတပ်မှပစ်ခတ်သည့် လက်နက်ကြီးကျရောက်ခြင်းကြောင့် မိသားစု ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထိခိုက်ဒဏ်ရာရရှိသူများတွင် အမျိုးသမီး ၂ ဦးနှင့် အမျိုးသားတစ်ဦးပါဝင်ခဲ့ပါသည်။

ထို့ပြင် ဖရူဆိုမြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်တွင်လည်း တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုများ ဆက်တိုက်ပြုလုပ်နေပြီး၊ ကျေးရွာများအတွင်းကျရောက်ကာ လူနေအိမ်များ ထိခိုက်ပျက်စီးခဲ့ပါသည်။

ဇန်နဝါရီလ ၁၅ ရက်နေ့က (ရှ၁)ကြိမ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားပြုလုပ်နေသည့် ပြည်နယ်ခန်းမ အနီးပတ် လည်တွင် ဒရုန်း ဖြင့် ဗုံးကြဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်မှ ၁ ဦးသေဆုံးခဲ့သည်။





တနင်္သာရီတိုင်း

ရေဖြူမြို့နယ်၊ နတ်တွင်းရွာတွင် ဇန်နဝါရီ ၁၂ ရက်က မင်္ဂလာဆောင်ခံပွဲတစ်ခု၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပွဲလာတက်သူများ ဒဏ်ရာ ရရှိခဲ့ကြပါသည်။ ဗုံးဖောက်ခံရသည့် ကျေးရွာအနီးတဝိုက်တွင် မင်္ဂလာပွဲများ၊ လူစုလူဝေးများမပြုလုပ်ကြရန် တားမြစ်ထားသည်ဟု သတင်းများထွက်ပေါ်နေပြီး၊ မည်သည့်အဖွဲ့က လုပ်ဆောင်ခဲ့သည်ကို မသိရှိရကြောင်း သိရပါသည်။

တိုက်ပွဲများပြင်းထန်နေသောတနင်္သာရီတိုင်းတွင်နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူ ၁၇၀၀၀ ကျော်ရှိပြီး ၁၆၀၀ ကျော်သည် စစ်ဘေးရှောင်စခန်းများတွင် နေထိုင်နေပြီး၊ စစ်ကောင်စီတပ်မှ ရိက္ခာအပါအဝင် နည်းမျိုးစုံဖြင့် ဖြတ်တောက်မှုများလုပ်ဆောင်နေခြင်းကြောင့် ရိက္ခာနှင့်ဆေးဝါးများ လိုအပ်နေကြပါသည်။

ဇန်နဝါရီလ ၁၄ ရက်နေ့က ပုလောမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဇန်နဝါရီလ ၁၁ ရက် နေ့က မြိတ် မြို့နယ်တွင် အမျိုးသား ၁ ဦးကို ဆိုင်ကယ်စီးလာသည့် အမျိုးသား ၂ ဦးမှ ပုဂ္ဂိုလ်ရေး မကျေနပ်ချက်ကြောင့် သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။





မွန်ပြည်နယ်

ရေးမြို့နယ်၊ လမိုင်းမြို့၊ မော့ကနင်ကျေးရွာမှ စစ်မှုထမ်းဟောင်းတစ်ဦးဖြစ်သူ ဦးရခိုင်ဆိုသူသည် ဇန်နဝါရီ ၁၄ ရက်တွင်ရေးပြောက်ကျားတပ်ဖွဲ့-YGF ထံတွင်ပစ်ခတ်ရှင်းလင်းခံခဲ့ရပါသည်။ သေဆုံးသူသည်မော့ကနင်ကျေးရွာခလရ(၁၀၆) တပ်ရင်းအနီးနေထိုင်သူ စစ်တပ်အမာခံသတင်းပေး တစ်ဦးဖြစ်ပြီး၊ ၎င်းအား ဖမ်းဆီးလာစဉ် လမ်းတွင်ပြန်လည်ခုခံပြီး ထွက်ပြေးသဖြင့် ပစ်ခတ်ရှင်းလင်းခံရခြင်း ဖြစ်ပါသည်။ အသတ်ခံလိုက်ရသည့် ဦးရခိုင်ထံမှ လက်လုပ်ပစ္စတို တစ်လက်အပါအဝင်လက်ထိပ်တစ်ခု၊ဓါးတိုတစ်ချောင်းနှင့်ဓါးရှည်တစ်ချောင်းတို့အားသိမ်းဆည်းရမိခဲ့ကြပါသည်။

ကျိုက်ထိုမြို့နယ်၊ မရမ်းချောင်ကျေးရွာတွင် ထပ်မံခန့်အပ်ခံထားရသူ အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းဆိုသူသည် ဇန်နဝါရီ ၁၄ ရက်တွင် အမည်မသိသေနတ်သမားများထံတွင် သေနတ်ဖြင့်ပစ်ခတ်ရှင်းလင်းခံခဲ့ရပါသည်။

ရေး နှင့် ကျိုက်ထိုမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့တိုက်ပွဲဖြစ်ပွားခဲ့ပြီးစစ်ကောင်စီတပ်မှ ၂ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဇန်နဝါရီလ ၁၆ ရက်နေ့က ကျိုက်ထိုမြို့နယ်၊ ကော့ဘိန်းကျေးရွာတွင် ရဲများ ရမ်းသမ်းပစ်ခတ်သဖြင့် အမျိုးသမီး ၁ ဦး သေဆုံးခဲ့သည်။ ဇန်နဝါရီလ ၁၄ ရက်နေ့က ရေးမြို့နယ်၊ လမိုင်းမြို့ မော့ကနင်ကျေးရွာတွင် စစ်မှုထမ်းဟောင်း ဦးရခိုင်အား ပြည်သူ့ကာကွယ်ရေးတပ်မှ ဖမ်းဆီးခဲ့ရာ လမ်းတွင်ပြန်လည် ခုခံသောကြောင့် ပစ်သတ်ခဲ့ရသည်။ အလားတူ ဇန်နဝါရီလ ၁၄ ရက်နေ့က ကျိုက်ထိုမြို့နယ်၊ မရမ်းချောင်းကျေးရွာ၊ အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်း အမည်မသိ လက်နက်ကိုင်တပ်ဖွဲ့၏ ပစ်သတ်ခြင်းကို ခံခဲ့ရသည်။



ရောဝတီတိုင်း

ပုသိမ်မြို့တွင် စစ်ကောင်စီတပ်၏ ပစ်ခတ်မှုကြောင့် အသက် ၂၅ နှစ်အရွယ် ကိုကျော်အောင်သူဆိုသူ သေဆုံးခဲ့ပါသည်။ ဇန်နဝါရီ ၁၄ ရက်တွင် ကိုကျော်အောင်သူသည် အရက်မူးပြီး ရပ်ကွက်အတွင်း ရမ်းကားနေသည်ဟုဆိုကာ ရပ်ကွက်နေထိုင်သူအချို့မှ ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ဆက်သွယ်ခဲ့ရာမှ ရဲတပ်ဖွဲ့ဝင်နှင့်အတူ စစ်ကောင်စီတပ်သားများလည်း ရောက်ရှိလာပြီး ၎င်းအား သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ လက်မောင်းရင်းတွင် ရရှိခဲ့သော ဒဏ်ရာကြောင့် ပုသိမ်ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် ဇန်နဝါရီ ၁၆ ရက်တွင်သေဆုံးခဲ့ပါသည်။

ဇန်နဝါရီ ၁၂ ရက်တွင် ပုသိမ်အကျဉ်းထောင်အတွင်း စစ်ကောင်စီတပ်လက်အောက်ခံရဲများပစ်ခတ်မှုကြောင့် သေဆုံးခဲ့သူ ကိုဝေယံဖြိုး၏ ရုပ်အလောင်းအားပြန်မပေးသဖြင့်၎င်း၏နာရေးအားမိသားစုရှိရာချောင်းသာတွင် အရိုးပြာဖြင့်သာပြုလုပ်ခဲ့ကြပါသည်။ ကိုဝေယံဖြိုးပစ်ခတ်ခံရပြီး သေဆုံးသည့် ညတွင်လည်း မိသားစုဝင်များမှ ပုသိမ်ထောင်ရှေ့တွင် သွားရောက်စောင့်ဆိုင်းခဲ့ကြပါသည်။ သို့သော် စစ်ကောင်စီတပ်သားများမှ အလောင်းအား ကြည့်ခွင့်မပြုခဲ့ဘဲ သဂြိုဟ်ချိန်တွင်လည်း အဝေးကသာ ကြည့်ခွင့်ပြုခဲ့သည်ဟု ဆိုပါသည်။

ဇန်နဝါရီလ ၁၄ ရက်နေ့က ပုသိမ်မြို့နယ်၊ အမှတ်(၆) ရပ်ကွက်၊ ရတနာလမ်းတွင် အရက်မူးနေသည့် အမျိုးသား ၁ ဦးကို စစ်ကောင်စီတပ်က သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။

ရန်ကုန်တိုင်း

ရွှေပြည်သာမြို့နယ်၊ ၈ ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းတွင် ဇန်နဝါရီ ၁၆ ရက် ညပိုင်းက အဆောင်တစ်ခုတွင် အမည်မသိအမျိုးသား နှစ်ဦးရောက်လာပြီး အဆောင်တွင် နေထိုင်သူတစ်ဦးအား လာရောက်ပစ်ခတ်ခြင်းကြောင့် အမျိုးသား တစ်ဦး ဒဏ်ရာရရှိခဲ့ပါသည်။ ဇန်နဝါရီ ၁၇ ရက်တွင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ၆၈ ရပ်ကွက်၊ အောင်သုခလမ်းထောင့်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် လူဦးရေ စာရင်းကောက်ရန် ရပ်ကွက်ရုံးအတွင်း လူစုနေချိန်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး၊ အဆိုပါဗုံးအား မပေါက်ကွဲသေးဘဲ တွေ့ရှိခြင်းကြောင့် စစ်ကောင်စီတပ်သားများမှ လာရောက် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

ရခိုင်ပြည်နယ်

မြောက်ဦးမြို့နယ်မှ ရာဇသတ်ကြီး ဥပဒေပုဒ်မ– ၅၀၅(က)နှင့် တရားရင်ဆိုင်နေရသည့်ဒေသခံ၃ဦးအားမတရားအသင်းဆက်သွယ်မှု ဥပဒေပုဒ်မ–၁၇(၁)ဖြင့် ထပ်တိုး တရားစွဲဆိုခံထားရပါသည်။ ၎င်းတို့မှာ ကျောက်ရစ်ကေရပ်ကွက်မှ ကိုကျော်ဝင်းလှိုင်၊ ဇမ္ဗူလရပ်ကွက်မှ ကိုကို ညွန့်နှင့် တိမ်ညိုကျေးရွာမှ ကိုပြည်စုံဝင်းတို့ ဖြစ်ပြီး၊ ၎င်းတို့သည် ၂၀၂၂ ခုနှစ် ဇွန်လ ၂၁ရက်နှင့် ၂၂ ရက်တို့တွင် မြောက်ဦးမြို့အတွင်းမှ ဖမ်းဆီး ခဲ့ရခြင်းဖြစ်ပါသည်။

ပုဏ္ဏားကျွန်းမြို့နယ်အတွင်းမှ တာဝန်မှ နုတ်ထွက်ထားသော ကျေးရွာအုပ်ချုပ်ရေးမှူး ၇၀ ကျော်အနက် ၂၀ ကျော်သည် ကျန်းမာရေး အခြေအနေကြောင့်ဟုဆိုကာ လုံးဝ ဆက်လက်တာဝန် ထမ်းဆောင် လိုခြင်းမရှိတော့ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးထံ စာပေးပို့ပြီး အကြောင်းကြားထားကြောင်းသိရပါသည်။

ချင်းပြည်နယ်



ဖလမ်းမြို့နယ်နှင့် အထက်ချင်းတွင်းဒေသအတွင်း စစ်ကောင်စီတပ်မှ ဦးဆောင်ကျင်းပမည့် ရွေးကောက်ပွဲအား ကျင်းပပြုလုပ်ခြင်းမရှိစေရန် လုံးဝတားမြစ်ကြောင်းကို ချင်းအမျိုးသားအဖွဲ့ချုပ် CNO/CNDF မှ ဇန်နဝါရီ ၁၁ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

စစ်ကောင်စီတပ်နှင့် ချင်းပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (CDF – Matupi)တို့ တိုက်ပွဲဖြစ်ပွားနေသော မတူပီမြို့နယ်အတွင်း ထိုစစ်ကောင်စီတပ်သည် ညအချိန်များတွင်ပင် လက်နက်ကြီးများဖြင့် အကြိမ်ရေများစွာ ရမ်းသမ်းပစ်ခတ်နေပြီး၊ ဒေသခံများမှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။

ဇန်နဝါရီ ၁၇ ရက်တွင်လည်း စစ်ကောင်စီတပ်သည် တိုက်ပွဲဖြစ်ပွားခြင်းမရှိသော ဖလမ်းမြို့နယ်အတွင်းရှိ အိန္ဒိယ – မြန်မာနယ်စပ်ဖြစ်သော ရိဒ်ခေါ်ဒါရ်ဒေသတွင် အကြောင်းမဲ့ပစ်ခတ်မှုများပြုလုပ်ခဲ့ပါသည်။

မတူပီ၊ဟားခါးနှင့်ပလက်ဝမြို့နယ်များတွင်စစ်ကောင်စီတပ်နှင့်ချင်းဒေသအလိုက်ကာကွယ်ရေးတပ်ဖွဲ့များတို့တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၉ ဦး သေဆုံး၍ ချင်းဒေသကာကွယ်ရေးတပ်မှ ၂ဦးသေဆုံးခဲ့သည်။



နိုင်ငံတကာ စာမျက်နှာ

" စစ်ကောင်စီတပ် အာဏာသိမ်းချိန်မှစ၍ တရားဥပဒေစိုးမိုးမှု မရှိတော့ဘဲ အကြမ်းဖက်မှုများ၊ ဖိနှိပ်မှုများနှင့်ကြီးမားသော လူ့အခွင့်အရေးချိုးဖောက်မှုများကိုရင်ဆိုင်လာရသည်ကို ဥမာအဖြစ်ကြည့်ပြီး အရေးပါသော တရားဥပဒေစိုးမိုးရေးကို အလေးထားကြရန် "

မြန်မာနိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခနှင့် မတည်ငြိမ်မှုများ ကြောင့် ဗြိတိန်နိုင်ငံသားများ ခရီးသွားမည်ဆိုပါက အထူးသတိထားရန် ယူကေနိုင်ငံခြားရေး၊ ဓနသဟာရနှင့်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဇန်နဝါရီ ၁၆ ရက်က ထပ်မံကြေညာခဲ့ပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်း အပါအဝင် မွန်၊ ကချင်၊ ချင်း၊ ကယား၊ ကရင်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်း ဒေသများအတွင်းသို့ ခရီးမသွားကြရန်နှင့်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း နှင့် ရခိုင်ပြည်နည်အလယ်ပိုင်းဒေသများကို မဖြစ်မနေ သွားရ မည်ဆိုပါက သတိထားရှောင်ရှားသွားလာကြရန် ထုတ်ပြန်ထားပါသည်။ ထို့ပြင် အမေရိကန်နိုင်ငံရေးဝန်ကြီးဌာနကလည်း အမေရိကန် နိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံသို့မသွားကြရန် သတိပေးချက်များ ထုတ်ပြန်ခဲ့ပါသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Antonio Guterres မြန်မာနိုင်ငံ တွင် စစ်ကောင်စီတပ် အာဏာသိမ်းချိန်မှစ၍ တရားဥပဒေစိုးမိုးမှု မရှိတော့ဘဲ အကြမ်းဖက်မှုများ၊ ဖိနှိပ်မှုများနှင့် ကြီးမားသော လူ့အခွင့် အရေးချိုးဖောက်မှုများကိုရင်ဆိုင်လာရသည်ကို ဥမာအဖြစ်ကြည့်ပြီး အရေးပါသော တရားဥပဒေစိုးမိုးရေးကို အလေးထားကြရန် ပြောကြားလိုက်ပါသည်။

လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ (HRW)မှ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာ့နိုင်ငံရေး အကြပ်အတည်းများ ဖြေရှင်းနိုင်ရေးကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် မြန်မာ့အရေး တိုးမြှင့်ဆောင်ရွက်နိုင်မည့် အရေး သည် အင်ဒိုနီးရှားအတွက် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ကြောင်း ဇန်နဝါရီ ၁၂ ရက်တွင် တိုက်တွန်းပြောဆိုထားပါသည်။

မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင် သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။